NEBRASKA DEPARTMENT OF LABOR

**NEBRASKA MEATPACKING INDUSTRY WORKERS BILL OF RIGHTS**

# အသားထုတ်လုပ်သည့် စက်ရုံအမှုထမ်းများ၏ ရပိုင်ခွင့်များ

## နိဒါန်း

အသားထုတ်လုပ်သော စက်ရုံအလုပ်ရုံများ၌ လုပ်နေသောဝန်ထမ်းများတွင် အခြေခံ လုပ်ပိုင်ခွင့်များ ခံစားပိုင်ခွင့် ရှိသည်။ အောက်ဖော်ပြပါလုပ်ပိုင်ခွင့်များသည် အသားထုတ်လုပ်သည့် စက်ရုံများတွင် လုပ်ကိုင်နေသော အလုပ်သမားများအတွက် အလုပ်ခွင်အတွင်း အနဲဆုံး လိုအပ်သော လမ်းညွှန်ဖြစ်ပါသည်။ ဤလုပ်ပိုင်ခွင့်များ သည် ပြည်နယ်နှင့် ဖယ်ဒရယ်အစိုးရမှ ဥပဒေအရ သတ်မှတ်ထားသော ရပိုင်ခွင့်များ အပြင် ထပ်မံဖြည့်စွက် ထားသည့် ရပိုင်ခွင့်များ ဖြစ်ပါသည်။

## ၁။ ဖွဲ့စည်းပိုင်ခွင့်

နီဘရာစကာ ပြည်နယ်သည် အလုပ်လုပ်ပိုင်ခွင့်ရှိသော ပြည်နယ်ဖြစ်သည့်အတွက် အလုပ်သမားများ စုပေါင်း စည်ရုံးပြီး လိုအပ်ချက်များကို တောင်းဆိုပိုင်ခွင့် ရှိပါသည်။ အသားထုတ်လုပ်သော စက်ရုံများတွင် လုပ်နေသော ဝန်ထမ်းများအနေနှင့် အနှောက်အယှက်ပေးခြင်း တန်ပြန်တုန့်ပြန်ခြင်းများကို စိုးရိမ်စရာမလိုဘဲ အဖွဲ့ အစည်းများ ဖွဲ့စည်းပြီး စည်းဝေးနိုင်ပါသည်။

## ၂။ အန္တရယ်ကင်းသည့် လုပ်ငန်းခွင်ရနိုင်ခွင့်

အသားထုတ်လုပ်သော စက်ရုံအလုပ်ရုံများတွင် လုပ်နေသောဝန်ထမ်းများအတွက် လုပ်ငန်းခွင်သည် အတတ်နိုင်ဆုံး အန္တရယ်ကင်းသည့် နေရာဖြစ်ရမည်။ နီဘရာစကာ ပြည်နယ်မှ ဤပန်းတိုင်ကိုရောက်ရှိနိုင်အောင် အစိုးရ အေဂျင်စီများနှင့် ပူးပေါင်းပြီး ဆောင်ရွက်နိုင်ရန် ဆုံးဖြတ်ထားသည်။ လုပ်ငန်းရှင်များ ကလည်း ဤပန်းတိုင်ကို အောင်မြင်အောင်ဆောင်ရွက်ရန် တာဝန်ရှိသည်။ ထိုသို့ ဆောင်ရွက်ရန်အတွက် အောက်ပါ အချက်အလက်များကို ပြုလုပ်မည်။

- ၂.၁. လက်ရှိ အန္တရယ်ကင်းဝေးစေသော အလေ့အကျင့်များအား ပြန်လည် ဆန်းစစ်ရန်၊ လိုင်း၏ အမြန်နှုန်းကြောင့်ဖြစ်လာနိုင်သော အန္တရယ်များအကြောင်း ထည့်သွင်း ဆွေးနွေးရန်၊ ဖယ်ဒရယ်နှင့် ပြည်နယ် အစိုးရမှ ချမှတ်ထားသော ဥပဒေများ အရ အလုပ်သမားများအတွက် အကောင်းဆုံး အန္တရယ်ကင်းသည့် အလေ့အကျင့်များ ပြုလုပ်ပေးရန် အတွက် အုပ်ချုပ်ရေး ဝန်ထမ်းများ/ အလုပ်သမားများ ပါဝင်သော လုံခြုံရေး ကော်မီတီဖွဲ့ပြီး ပုံမှန် တွေ့ဆုံဆွေးနွေးကြရန်၊
- ၂.၂. လုပ်ငန်းခွင်အတွင်း အန္တရယ်ဖြစ်နိုင်သည့် အခြေအနေကို စက်ရုံ၏ဘေးအန္တရယ် ကာကွယ်ရေး ကော်မီတီသို့ အသိပေးရာတွင် တန်ပြန်တုန့်ပြန်ခြင်းများကို စိုးရန်စရာ မလိုဘဲ တိုင်ကြား ပိုင်ခွင့်ရှိရမည်။ အလုပ်သမား၏ လုံခြုံရေးနှင့် ကျန်းမာရေးအန္တရယ် ကင်းဝေးစေရန် ကော်မီတီမှ ချက်ချင်း အကူအညီပေးပြီး မှန်ကန်အောင် ပြန်လည်ပြင်ဆင်၍ အလုပ်သမားများကို အသိပေးရမည်။ အလုပ်သမားမှလည်း စိုးရိမ်စရာအခြေအနေများကို ပြည်နယ် နှင့် ဖယ်ဒရယ် အစိုးရထံသို့ စိုးရိမ် ပူပန်စရာ မလိုဘဲ ကအသိပေးအကြောင်းကြားပိုင်ခွင့် ရှိသည်။

## ၃. လုံလောက်သော အထောက်အပံ့ ပစ္စည်း၊ အဆောက်အဦများထားရှိခြင်း အသုံးပြုခွင့် ရှိခြင်း၊

အလုပ်ရှင်များက အလုပ်သမားများအတွက် အောက်ပါ အထောက်အပံ့များ ထားပေးရန် သဘောတူညီရမည်။

- ၃.၁. အသုံးပြုနိုင်သော အများသုံး ရေအိမ်များ လုံလောက်စွာထားရှိခြင်း၊

၃.၂.  ထမင်းစားခန်းနှင့် နားနေခန်းများ လုံလောက်စွာထားရှိခြင်း၊

၃.၃ ကိုယ်ပိုင်ပစ္စည်းများ သော့ခတ်ထားနိုင်သော နေရာများ လုံလောက်စွာထားရှိခြင်း၊

၃.၄. အိမ်သာသွားရန် လုံလောက်သော အချိန် ပေးခြင်း၊

## ၄.  ပြည့်စုံသော လမ်းညွှန်အချက်အလက်များ ရပိုင်ခွင့်

အလုပ်ခန့်အပ်သည့်အချိန်တွင် အလုပ်သမားတိုင်းသည် အလုပ်သမား လမ်းညွှန် လက်စွဲကို ရပိုင်ခွင့်ရှိသည်။

၄.၁. အသားထုတ်လုပ်သည့် စက်ရုံ အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့် ဥပဒေ မိတ္တူ၊

၄.၂. ပြည့်စုံသည့် လစာနှင့် ခံစားခွင့်များ နှင့်သက်ဆိုင်သော မူဝါဒများ၊

၄.၃.  အလုပ်သမားတစ်ဦး၏ အလုပ်အကိုင် အမျိုးအစား၊ နှင့် တာဝန်ဝတ္တရားများ၊

၄.၄. ခွင့်တိုင်ကြားခြင်းနှင့် သက်ဆိုင်သည့် မူဝါဒများ၊

၄.၅. အလုပ်ချိန်သတ်မှတ်ခြင်းနှင့် အလုပ်ချိန်စည်းကမ်းများ၊

၄.၆.  မိမိတာဝန်ကျသော အလုပ်နှင့်ပတ်သက်သည့် လုပ်ငန်းခွင် ဘေးအန္တရယ်အကြောင်း ရှင်းလင်းချက်၊

## ၅.  ပြဌါန်းထားသော အချက်အလက်များကို နားလည်ပိုင်ခွင့်

အလုပ်သမားတစ်ဦးသည် မိမိ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို နားလည်နိုင်ခွင့်ရှိသည်။  အလုပ်ရှင်မှ အလုပ်သမားများ၏လုပ်ပိုင်ခွင့်နှင့် တာဝန်များကို လူပုဂ္ဂိုလ်တစ်ဦးမှ သော်လည်းကောင်း ရေးသားထားသော စာရွက်စာတမ်းများဖြင့် သော်လည်းကောင်း အလုပ်သမားနားလည်နိုင်သော မိခင် ဘာသာစကားဖြင့် ရှင်းလင်းပြရမည်။

## ၆.  ပြည်နယ်နှင့် ဖယ်ဒရယ် အစိုးရမှ အတည်ပြု ထားသော အခွင့်အရေးများနှင့် ပိုင်ခွင့်များကို ရပိုင်ခွင့်

နီဘရာစကာပြည်နယ် အလုပ်သမားနှစ်နာကြေး အက်ဥပဒေ၊ နီဘရာစကာ လုပ်ငန်းခွင် ဘေးအန္တရယ် ကာကွယ် ရေးအစီအစဉ်၊ အမေရိကန် အလုပ်သမားရေးရာဌာနမှ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး အက်ဥပဒေ တွင် ပြဌါန်းထားသည့်အညီ အလုပ်သမားများသည် ရပိုင်ခွင့် အချို့ကို ခံစားပိုင်ခွင့် ရရှိပြီးဖြစ်ပါသည်။ အလုပ်သမားများသည် မိမိတို့လုပ်ပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများကို မိမိကိုယ်တိုင် မှလည်းကောင်း ကိုယ်စားလှယ် မှလည်းကောင်း နားလည်နိုင်ခွင့်ရှိပါသည်။  အလုပ်ရှင်များမှလည်း ရေးသားထားသော စာရွက်စာတမ်းမှ လည်းကောင်း သင်တန်းများပေးခြင်းဖြင့် လည်းကောင်း အလုပ်သမား လုပ်ပိုင်ခွင့် နှင့် တာဝန်များကို ဥပဒေအရ အလုပ်သမားများကို အသိပေးခြင်း ပညာပေးခြင်း ပြုလုပ်ပေးရမည်။

## ၇. နိမ့်ချခွဲခြားဆက်ဆံခြင်းများမရှိနိုင်သည့် အခြေအနေများရပိုင်ခွင့်

လူတိုင်းသည် မိမိကိုယ် လေးစားစွာဆက်ဆံပိုင်ခွင့် နှင့် နိမ့်ချခွဲခြားဆက်ဆံခံရ ခြင်းတို့မှ ကာကွယ်နိုင်ခွင့် ရှိ သည်။ လူမျိုးမရွေး အသားအရောင်၊ ဘာသာ၊ လိင်၊ မွေးဖွားသည့် နိုင်ငံ၊ မသန်မစွမ်း အခြေအနေ မည်သို့ပင်ဖြစ်စေ တန်းတူ လိင်အဆင့်အတန်းမခွဲခြားဘဲ အနှောက်အယှက်ကင်းသည့် အလုပ်ကိုလျှောက်ထား ပိုင်ခွင့် ရှိသည်။   အလုပ်ရှင်သည် အလုပ်သမားများကို လေးစားစွာ ဆက်ဆံရမည်။  အနှောက်အယှက် ပေးခြင်း၊ နိမ့်ချဆက်ဆံခြင်း၊ ခြိမ်းခြောက်ခြင်းများကို မဖြစ်စေရန် လက်ရှိ ပြဌါန်းထားသော စည်းကမ်းများကို တင်းကျပ်ထားရမည်။

**၈. ကြီးကြပ်ရေးမှူးသင်တန်းအပါအဝင် အလုပ်အကိုင် ကျွမ်းကျင်မှုသင်တန်းများ ဆက်လက်တက်ပိုင်ခွင့်**

အလုပ်အကိုင်ကျွမ်းကျင်တိုးတက်ကောင်းမွန်စေရန် နှင့် အလုပ်ရုံအတွင်းပြောင်းလဲမှုများ အတွက် အလုပ်ရှင်မှ အလုပ်သမားများအတွက် လုပ်ငန်းခွင် သင်တန်းများ တက်ရောက်နိုင်ရန် စီစဉ်ပေးရမည်။ အင်္ဂလိပ်ဘာသာ မပြောသော သူများနှင့် စကားပြောနိုင်ရန် ကြီးကြပ်ရေးမှူးများကို ဘာသာစကားကျွမ်းကျင်နိုင်ရန် အခွင့်အရေးများ ဖန်တီးပေးရမည်။

**၉. ထမ်းဆောင်ထားသော အလုပ်အတွက် အခကြေးငွေ ရပိုင်ခွင့်**

အလုပ်သမားတစ်ဦးသည် ထမ်းဆောင်ထားသော အလုပ်အတွက် ရသင့်သော လုပ်ခကို ရပိုင်ခွင့်ရှိသည်။ အလုပ်သမားများသည် နီဘရာစကာ လုပ်ခကြေးငွေ တောင်းဆိုခြင်းဥပဒေ နှင့်ပတ်သက်၍ လုပ်ပိုင်ခွင့်များကို သိရှိလိုပါက နီဘရာစကာပြည်နယ် အလုပ်သမား ဌာနသို့ အကူအညီတောင်းနိုင်ခွင့် ရှိသည်။

**၁၀. ပြည်နယ်အစိုးရထံ အကူအညီတောင်းပိုင်ခွင့်**

နီဘရာစကာပြည်နယ် သည် အသားထုတ်လုပ်သည့် စက်ရုံများတွင် အလုပ်လုပ်နေသော အလုပ်သမားများ၏ ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ရန် အလေးအနက်ထားပါသည်။ အလုပ်သမားများနှင့် အလုပ်ရှင်များကို အလုပ်သမားရေးရာနှင့် ဆိုင်သော အောက်ပါ ဥပဒေများနှင့် ပက်သက်သော အကူအညီများ ပေးနိုင်သည့် အလုပ်သမားရေးရာ ဥပဒေရေး ဆိုင်ရာတို့ကို ကျွမ်းကျင်သူများ ထားရှိပါသည်။

- ခွဲခြားနှိမ့်ချ ဆက်ဆံရေးနှင့်ဆိုင်သော ဥပဒေ (အလုပ်လုပ်ပိုင်ခွင့် ဥပဒေ)
- ကျန်းမာရေးနှင့် ဘေးအန္တရယ် ကင်းရှင်းရေး စည်းမျဉ်း
- နေ့လည်စာစားသောက်ချိန် ဥပဒေ
- ကျန်းမာရေးစစ်ဆေးခြင်း ဥပဒေ
- အင်္ဂလိပ်စကား မပြောသော အလုပ်သမားများနှင့် ပတ်သက်သည့် ဥပဒေ
- လုပ်ခနှင့် နာရီ အက်ဥပဒေ (အနဲဆုံးလုပ်ခ ဥပဒေ)
- လုပ်ခပေးငွေ နှင့် တောင်းခံသည့် ဥပဒေ
- လုပ်ငန်းခွင် အန္တရယ်နဲစေရန် တိုင်ပင်သည့် ဥပဒေ

---

အလုပ်သမားများ အခြေခံ ရပိုင်ခွင့်နှင့် ပတ်သက်၍ သိလိုသည့် မေးခွန်းများရှိပါက အသားထုတ်လုပ်သည့် စက်ရုံအလုပ်သမားများ လုပ်ပိုင်ခွင့် နှင့်ပတ်သက်၍ စီမံဆောင်ရွက်သူ Yadira Pena သို့ (၄၀၂) ၄၇၁-၄၇၁၅ သို့မဟုတ် ၁-၈၀၀-၆၂၇-၃၆၁၁ သို့ ဖုန်းဆက်၍မေးမြန်းနိုင်ပါသည်။ သို့မဟုတ် Yadira.pena@nebraska.gov သို့ စာရေးသားဆက်သွယ်နိုင်ပါသည်။

NEBRASKA
DEPARTMENT OF LABOR

တန်းတူအလုပ်လုပ်နိုင်ခွင့် အစီအစဉ်၊ မသန်စွမ်း သူများအတွက် နားကြားကရိယာနှင့် အခြားဝန်ဆောင်မှုများ ရနိုင်ပါသည်။
TDD: ၈၀၀-၈၃၃-၇၃၅၂ Lincoln 402.471.0016